## မာတိကာ


| | |
|---|---|
| ၁။ ကံနှင့်အယူဝါဒအမျိုးမျိုး | ၁၁ |
| ၂။ ကံနှင့်စေတနာ | ၂၉ |
| ၃။ အခြေခံကံနှစ်မျိုး | ၅၁ |
| ၄။ ကံဖြစ်ကြောင်းများသတိထား | ၇၅ |
| ၅။ ကံတူအကျိုးပေးပုံနှစ်မျိုး | ၈၈ |
| ၆။ ကံအကျိုးပေးဆန်းကြယ်ပုံ | ၁၁၀ |
| ၇။ စေတနာမပါ ကံမဖြစ် | ၁၃၅ |
| ၈။ အကျိုးပေးကာလမတူကြသော ကံ(၄)မျိုး | ၁၅၁ |
| ၉။ ဆောင်ရွက်သည့်ကိစ္စအားဖြင့်ကံ(၄)မျိုး | ၁၆၅ |
| ၁၀။ ဥပတ္ထမ္ဘက ကံနှင့် ဥပပီဠက ကံအထူး | ၁၈၄ |
| ၁၁။ အကုသိုလ်ကံ၏ဆိုးကျိုးပေးပုံ အဖုံဖုံ | ၂၂၈ |
| ၁၂။ ကုသိုလ်ကံ၏ ကောင်းကျိုးပေးပုံ အဖုံဖုံ | ၂၃၇ |
| ၁၃။ ကံပြဿနာ၊ အဖြေ အဖြာဖြာ | ၂၅၅ |

# နိဒါန်း

ဤလောက၌ သတ္တဝါများအတွက် ကံသည် အလွန်အရေးကြီး၏၊ ကံကိုအကြောင်းပြု၍ အကိရိယခေါ် ကံမဲ့ဝါဒ၊ အဟေတုကဝါဒ ခေါ် အကြောင်းမဲ့ဝါဒ၊ နတ္ထိကဝါဒခေါ် အကျိုးမဲ့ဝါဒ၊ ကူဿရနိမ္မာန ဝါဒခေါ် ဖန်ဆင်းရှင်ဝါဒ၊ ပုဗ္ဗေကတဟေတုဝါဒခေါ် ရှေးအတိတ်ကံသက်သက် ဝါဒ စသောအယူဝါဒအမျိုးမျိုး ကမ္ဘာတွင်ပေါ်ပေါက်လျက် ရှိပေသည်။

ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓဘာသာကား ကံမဲ့ဝါဒမဟုတ်၊ ကံရှိဝါဒ ဖြစ်၍ ကံကိုအခြေခံထားသည့် ဘာသာဖြစ်သည်။ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း "ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ အရင်းသာရှင့်"ဟု ကျမ်းဂန်နှင့်အညီ မိန့်ဆိုထား၏။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုး ဤငါးမျိုးကို သက်ဝင်ယုံကြည်မှု "သဒ္ဓါ"ရှိပါမှ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်နိုင်၏။ ဤငါးမျိုးကို ကြည်ညိုမှု၊ ယုံကြည်မှုများ ဖြစ်ပွား



နိုင်ရန် "ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ဗုဒ္ဓကိုလည်း ကြည်ညိုမည် (ယုံကြည်မည်)"ဟူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ဤငါးမျိုး၏အကြောင်းအရာတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထားရန် လိုပေသည်။ အထူးသဖြင့် ကံ၊ ကံ၏အကျိုးတရားအကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိမထားကြသည့် ဗုဒ္ဓဘာသာဝင်တို့မှာ အများစုဖြစ်သည်။ ကံ၊ အလုပ်၊ စေတနာ–ဤသုံးမျိုးကိုပင် ကွဲကွဲပြားပြားမသိရှိကြချေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များအား ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်မှု ရှိရန် ကံအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိထားစေချင်၏။

အမှန်စင်စစ် ကံဆိုသည်မှာ မြတ်ဗုဒ္ဓ၏ ကမ္မဝါဒအရ အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်မျိုးလုံးဖြစ်သည်။ ထိုနှစ်မျိုးလုံးကိုယူမှ အယူမှန်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်၏၊ ဗုဒ္ဓဘာသာအစစ်ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်အချို့တို့သည် ကံအကြောင်းကို ကောင်းစွာမသိကြသဖြင့် အတိတ်ကံကို အလွန်အစွဲသန်ကြ၏။ ဘာမဆို အတိတ်ကံကိုချည်း ချကြ၏။ တရားခံလုပ်တတ်ကြ၏။

ယခုလက်ရှိဘဝ၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါထူမှု၊ ပညာရှိမှု၊ ပညာမဲ့မှု စသောဖြစ်ပျက်သမျှ အဝဝသည် ရှေ့ဘဝတို့က ပြုလုပ်ခဲ့ကြသော အတိတ်ကံကြောင့်သာဖြစ်သည်ဟု ယူဆပြောဆိုလေ့ရှိကြသည်။ "ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ၊ ကံဆောင်မှပြောင်သည်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"စသော စကားပုံများသည် အတိတ်ကံကိုချည်း တစ်ဖက်သတ်အားကိုးသူတို့၏ လက်သုံးစကားပုံများဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် ကံ၏အကြောင်းအရာကို ကောင်းစွာမသိကြသဖြင့် ဗုဒ္ဓဘာသာဝင်ပင်ဖြစ်လျက် အတိတ်ကံကိုချည်း အားကိုးသည့် ပုဗ္ဗေကတဟေတုဒိဋ္ဌိအယူမှားဘက်သို့ မသိမသာရောက်နေတတ်ကြ၏။ ထိုအတိတ်ကံစွဲ အားကြီးသူတို့ကိုလည်း ပစ္စုပ္ပန်ကံကိုလည်း အလေးထားရမည့်

အကြောင်း အမှန်အတိုင်းသိမြင်စေချင်၏။

အမှန်စင်စစ်လောက၌ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါရမှုစသော ကောင်းကျိုး ဆိုးကျိုးများသည် အတိတ်ဘဝကပြုလုပ်ခဲ့ကြသည့် အတိတ်ဇနကကံသတ်သတ်ချည်း မဟုတ်၊ မျက်မှောက်ဘဝတွင် ဉာဏ်ဦးဆောင်သည့် ကြိုးစားအားထုတ်မှု ဝီရိယတို့ကြောင့် ဖြစ်ပေါ်လာသည့် ပစ္စုပ္ပန်ဥပတ္ထမ္ဘကကံသည်လည်း အရေးပါသောအကြောင်းတရားတစ်ခုဖြစ်သည်။ ယခုဘဝ၌ပြုလုပ်ကြသော ကံများသည် အတိတ်ဇနကကံများ အားနည်းနေသည့်အခါ အကျိုးပေးခွင့်ရ အောင်လည်း ထောက်ပံ့ကူညီ၏။ အကျိုးပေးသန်အောင်၊ ကြာမြင့်စွာ အကျိုး ပေးအောင်လည်း မီးတောက်လေကူသဘောမျိုး ရေလာမြောင်းပေးသဘော မျိုးတို့ဖြင့် ကူညီထောက်ပံ့တတ်ကြ၏။

ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီးကလည်း "ပုဗ္ဗပုညံ၊ ကောင်းမှုကံလျှင်၊ အခံရှိထ၊ ရေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့် ထောက် သမ္မာလျောက်၍၊ မီးတောက်လေကူ၊ ဟူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွားရာ၏"ဟု မိန့်ဆိုထား၏။ အဓိပ္ပာယ်မှာ ရှေးကောင်းမှုအတိတ်ကံ၊ အခံရှိပါလျှင် ဉာဏ်ဦးဆောင်သော လုံ့လဝီရိယနှစ်ပါးဖြင့် ကြိုးစားသော ပစ္စုပ္ပန်ကံက ထိုအတိတ်ကံကို "မီးတောက်လေကူ"သည့်သဘောဖြင့် ကူညီ မှ အကျိုးတရားများဖြစ်ပွားပေါ်ပေါက်နိုင်ပေသည်ဟု ဆိုလိုပေ၏။ အမှန် အားဖြင့် ယခုလက်ရှိဘဝ၌ ရှေ့အတိတ်ကံ များမှာ ပစ္စုပ္ပန်ဥပတ္ထမ္ဘကကံ၏ အကူအညီကိုမရပါက များသောအားဖြင့် အနည်းငယ်မျှလောက်သာ အကျိုး ပေးနိုင်သည်ကိုလည်း သိစေချင်၏။

ထို့အတူ လက်ရှိဘဝ၌ ပျက်စီးဆုတ်ယုတ်မှု အမျိုးမျိုးတို့ ဖြစ်ပေါ် လာခြင်းသည်လည်း ပစ္စုပ္ပန်အကုသိုလ်ကံ၏ အကူအညီရသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ အတိတ်ကံကိုယုံကြည်ပြီး မီးပုံထဲသို့



ခုန်ဆင်းလျှင် မုချမီးလောင်ခံရမည်။ ကျားပေါသည့်တောထဲသို့ သွားလျှင် လည်း ကျားဆွဲခံရမည်ဟူသော ရှေးသူဟောင်းတို့ ဆုံးမစကားကိုလည်း သတိထားစေချင်၏။ "လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံ အကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်း ကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ် စွတည်း"ဟူသော မန်လည်ဆရာတော် ဘုရားကြီး၏ ဆုံးမစကားကိုလည်း အသိဉာဏ်ပွားစေချင်၏။

ထို့ပြင် ယခုဘဝ၌ချက်ခြင်းအကျိုးပေးသောကံ၊ ဒုတိယဘဝ ရောက်မှ အကျိုးပေးသောကံ စသည်ဖြင့် ကံအမျိုးမျိုးရှိပုံ၊ အတိတ်ဘဝမှ ပါလာသောကံများသည် အားကြီးပါမှ အကျိုးပေးနိုင်ပုံ၊ အားသေးနေပါ က "ဥစ္စာဘောဂ၊ ဇီဝိတနှင့်သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂ တည့်"ဆိုသည့်အတိုင်း ဉာဏ်ဦးဆောင်သော လုံ့လဝီရိယဖြင့် ကြိုးစား အားထုတ်သည့် ပစ္စုပ္ပန်ဥပတ္ထမ္ဘကကံ၏အကူအညီရမှ အကျိုးပေးနိုင်ပုံ အဖုံဖုံ တို့ကိုလည်း သိထားရန်လို၏။

ကံ၏အကျိုးပေးပုံကား အလွန်ဆန်းကြယ်၏။ ကံကုန်သည့်အခါ မိမိ၌ရှိနေသော ဥစ္စာရွှေငွေရတနာများ မီးသွေးမီးခဲများ ဖြစ်သွားကြ၏။ ဒိဋ္ဌဓမ္မဝေဒနီယံကုသိုလ်ကံကြောင့် လယ်မြေ၌ထွန်ထားသည့် ထွန်ဆိုင် မြေတုံး မြေခဲများအားလုံး ရွှေတုံးရွှေခဲများဖြစ်သွားကြ၏။ ကံနည်းသူ စုဆောင်း၊ ကံကောင်းသူခံစား ဆိုသလို ဘုန်းကံနည်းသူ ကြိုးစားရှာမှီး စုဆောင်းထားသည့် ပစ္စည်းဥစ္စာရတနာများကို မိမိမသုံးစွဲ မခံစားရဘဲ ဘုန်းကံရှိသူများကသာ ခံစားစံစားသွားလေ့ရှိကြ၏။ ဤသို့ စသည်ဖြင့် "ကမ္မဝိပါကောအစိန္တိယော၊ နစိန္တေတဗ္ဗော"(ကံ၏ အကျိုးပေးကို မကြံစည် အပ် မကြံစည်ကောင်း)ဟူသော ဘုရားဟော အတိုင်း ကံအကျိုးပေးပုံကား မကြံစည်နိုင်အောင် ဆန်းပြားလှ၏။ ဤအချက်ကိုလည်း ဗုဒ္ဓဘာသာဝင်

များအား နားလည်ထားစေချင်၏။

ဤသို့စသည်ဖြင့် ကံနှင့်ပတ်သက်သော အကြောင်းအရာများသည် အလွန်များပြားလှ၏။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း "ကံမည်သည် အထွေထွေအပြားပြား အလွန်များ၏ ပြောဖွယ်၊ သိဖွယ် အလွန်ကျယ်၏"ဟု မိန့်ဆိုထားပေသည်။ သို့ရာတွင် သိဖွယ်များသော ကံတရားအကြောင်းကို "နည်းနည်းနှင့်ကျဲကျဲဝိုင်း" ဆိုသကဲ့သို့ သိသင့်သိထိုက်သည့် ကံအကြောင်းအရာတို့ကို ဗုဒ္ဓဘာသာဝင်များအား စုံစုံလင်လင် သိထားစေချင်ပါသည်။ ဤသိထားစေချင်သော ဆန္ဒမွန်သည်ပင် ဤစာအုပ်ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းနိဒါန်းဖြစ်ပေသည်။

**ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)**

**မဟာသဒ္ဓမ္မဇောတိကဓဇ။**